
နောက်ကြည့်မှန်
မင်းကိုနိုင်
အရှေ့ကြယ်စာပေ

(ɔ)

## စာရေးသူ၏အမှာ

ဤစာအုပ်ကို လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော် ၁၉၈၈ နှစ်ကုန်ပိုင်း (စစ်အာဏာသိမ်းပြီးကာလ) စတင်ရေးခဲ့ခြင်းဖြစ်ပြီး အကြမ်းသဘော ဦးဆုံး အကြိမ် ချရေးကြည့်ခဲ့ခြင်း ဖြစ်ပါသည်။

နောက်ဆုံးစာမျက်နှာ (မခင်အေးရထားစီးရင်း တွေးမောခန်း)သာ ကျနော် ၂၀၀၄ နှစ်ကုန်၊ ထောင်မှ လွတ်မြောက်စဉ် ရေသန့်ဗူး ယဉ်ကျေးမှုကို မိတ်ဆက်ခံ စ,မြင် ငေးမော့လျက် ဤဝတ္ထု အဆုံးသတ်အနေဖြင့် တစ်ခန်းရပ် ပေးခြင်းရှိပါသည်။

ယခု ပြန်ဖတ်ကြည့်ရာ ပြင်ဆင်စရာတွေ များလှချည်ရဲ့ ဟု မရိုးမရွ ခံစားရပါသည်။ တစ်အုပ်လုံး စဆုံးပြန်ရေးချင်စိတ်လည်း အပြင်းအထန် ဖြစ်ပေါ်မိပါသေးသည်။

ခုရေး ခုထုတ် စာအုပ်မျိုးမဟုတ်ဘဲ အနှစ်နှစ်ဆယ်ကျော် သိမ်းဆည်းခံခဲ့ရ၍ ယနေ့မျိုးဆက်သစ်များ ဖတ်မိလျှင် ရေးဆန်ငြီးငွေ့ဖွယ် ဖြစ်နိုင်သလို ကျနော်တို့ခေတ်ပြိုင် (ရင့်ကျက်မျက်လုံး)များအတွက်လည်း မဖွယ်မရာ မလောက်လေးမလောက်စား နိုင်ကောင်းနိုင်ပါလိမ့်မည်။

ကျနော် ပြင်ဆင်ရန် အခါခါ စဉ်းစားပါသေးသည်။

သို့သော် (သတ်ပုံသတ်ညွှန်းအချို့မှလွဲ၍) တစ်လုံးတစ်ပါဒမျှ မပြင်ဆင်တော့ပါ။

အကြောင်းမူ ဤစာအုပ်သည် ၂၆ နှစ်အရွယ် ကျောင်းတက်ဆဲ လူငယ်တစ်ဦး၏ ပွဲဦးထွက် ကြိုးပမ်းမှုဖြစ်နေခြင်းကြောင့် ကျနော့်ငယ်လက်ရာကို နဂိုရည်ပျက်မခံတော့ပါ။

၂၆ နှစ်သား၏လက်ရာသည် ဤရွေ့ ဤမျှသာဖြစ်ကြောင်း ကျနော် ကိုယ်တိုင် လက်ခံနိုင်၍တစ်ကြောင်း....

ငယ်ရုပ် ငယ်သွင်တို့မည်သည် အနည်းဆုံး အလှတစ်ခုတော့ ရှိစမြဲဟု ယုံသည်ကတစ်ကြောင်း ကျနော် မပြင်ဆင်တော့ပါ။

တစ်နည်းဆိုသော်....

တောရိုင်းပန်းတစ်ပွင့်၏ ပွင့်ဖတ်ပွင့်ချပ်လွှာများကို မလှဟုယူဆပြီး ကပ်ကြေးဖြင့် ကိုက်ညှပ် ပုံသွင်းပြုပြင်ခြင်းမျိုး မကျူးလွန်ဘဲ သဘာဝအတိုင်းပင် ခူး၍ ဆက်သလိုက်ခြင်း ဟုလည်း ကျနော် ခံစားမိပါသည်။

လေးစားလျက်

မင်းကိုနိုင်

# နှင်းဆီနီ ဥဒါန်း

- တဖက်ကကျိုး
  အချစ်ဆုံးတဲ့သူ
  အသက်ရှိမှာ ရောင်မှုန်းလှပါ

- ကျတော့မှာ ဘဝကို
  တွေ့ဆုံရမှာမို့လို့
  မှော်ဆိုင်းပွင့်မှား ကြိုးစား ကြိုးစား
  မှားမယ်

- မျှော်ကြီးသားကို ကြည့်ကြီ
  လက်ကိုလည်း ယုံးမယ်မှာ
  လိုက်ပွဲရဲ့ ဥယျာဉ်ခင်း
  ဖူးပွင့်ရဲ့ အလှန်းသားသာဝ
  ငါ ခံယူပို့မယ်
  တော့ပါတယ်

- လေး... နှင်းပေါ်မှာအချစ်
  အရ ပွင့်ဖော်ကို ငါမကြွ
  ဖြေလေလေ
  ယုံကြည်ချက်ရဲ့ သစ္စာ
  ရေးသစ်ရဲ့ အချစ်ကိုမှာ
  ယုံကြည်ချက်ရှိ ဖော်ပွင့်
  ဆိုင်းမောင်းလို ဝင့်ကြွားမယ်
  ပါလား...
  ကိုကို့ရဲ့ နှင်းဆီပွင့် ။



နောက်ကြည့်မှန်

သည်ပန်းချီကားတချပ်တွင် တစုံတရာ ဖြည့်စွက်ရန်လိုနေသည်ဟု သူမအနေဖြင့် တောင့်တမိသည် မှာ ကြာပြီ။ ခုလိုနွေဦးတွင် ပို၍ ထင်ရှားသည်မှာ နောက်ခံကွင်းပြင်နှင့် မှန်ပျပျကားလမ်း ပြီးတော့ ဟိုတပုံသည်တပုံ စုထားသည့် သံလမ်းတိုရှည်များ နှင့်ဇလီဖားတုံးအပုံတို့ရှေ့မှာ ထီးတည်း ကုက္ကိုပင်ကြီးက ခါးနွဲ့နွဲ့နှင့် ထီးဆောင်း ထားသော မိန်းမနယ်။

တံလှပ်တွေ ကြွယ်သည့် နေ့လည်ခင်းမှာ ညိုဘယောက် ထဲ ထိုမြင်ကွင်းကို ကြည့်ရင်း လက်တွေ့ ကြသော အလုပ်ကို လုပ် ဖြစ်ခဲ့သည်၊ ထွေထွေထူးထူးစဉ်းစားမနေတော့ အိမ်ဘေးရှိ သစ်တိုသစ်စများ ဆွဲထုတ်ကာ လက်သမားကိရိယာများ ပါ ယူခဲ့သည်။

'ဘာလဲ မိန်းကလေး...ကျုပ်ကို ဘာခိုင်းဦးမှာ လဲ'

အဘမောင်သည် ဆရာသမား ဖြစ်သူ၏ သမီးမို့ အလိုလိုက်ရသည်ထက် ပျော်စရာကောင်းသော ကစားနည်းတခုကို မကြီးမငယ်အရွယ်မှာ ပျင်းပျင်းရှိတိုင်း ကစားခွင့်ရသူနှယ် ခံစားတတ်ရ၍ ထိုသို့အမေးကို မဲ့ ရှုံ့ရှုံ့ဟန်လုပ်ကာ မေးရင်း ကွမ်းတယာဝါးသည်။ ညိုက ဒါကိုဒီလောက်ဖြတ်ပေး၊ ဒါကိုသံနဲ့ ရိုက်မယ်၊ ဒီလိုပုံဟု အဆောက်အအုံကြီးတခမ်းတနားဆောက်လိုသူနှယ် ညွှန်ပြနေ၏ ။ စိတ်လိုလက်ရရှိသည်နှင့် အဘမောင် ဇိုးဇိုးဇတ် ဇတ်လုပ်ပေးလိုက်ပြီ။ သူမညွှန်ကြားရာနေရာမှာ တတ်ဆင်ပေးခဲ့ပြီ။

ညိုဘယောက် အိမ်ထဲဝင်ပြီး ရေအိုးတလုံးသယ်လာကာ နေရာချပြီးတါင် ကုက္ကိုပင်ခါးပန်း၌ ရေချမ်း စင်တခုအ ဖြစ် ကျက်သရေရှိရှိ တည်ပြီး ဖြစ်တော့သည်။ အလှူရှင်ကမည်းထိုးဦးလေဟု အဘမောင်က တိုက်တွန်း ပြီး မြေဖြူစာခဲယူလာကာ ရေချမ်းစင်အခြေသစ်တန်းတွင် မည် သို့ရေး ရန်မည် ကို အမူအယာဖြင့် မေးသည်။

'အဘမောင် ကောင်းမှုပေါ့'

'အို...ကျုပ်ကမိန်းကလေးခိုင်းလို့ လုပ်ပေးရတာ ပဲ မိန်းကလေးတို့မိသားစု နာမည် ရေး ပါလား'

'ဟာ..မလုပ်ပါနဲ့ ၊နေဦးစဥ်းစားဦးမယ်'

ညိုက အကြံရခက်၍ တွေ ဝေနေစဥ် အဘမောင်ကပင် ဝိုင်းစက်သော စားလုံးများ ဖြင့် စေတနာ ရှင် ဒေါ်ကျွဲမကောင်းမှုဟု ရေး သည်။ ညိုစိတ်ပျက်ပြီ အိမ်ဘက်ပြန်ထွက်သွား၏ ။ ဒေါ်တင်တင်သည် ရေသောက် မည် ကြံပြီးမှ သောက်ရေအိုးပျောက်နေခြင်းကြောင့် ဟဲ့..ဟုရေရွတ်ကာ ဟိုဟိုဒီဒီရှာသည်။

အိမ်ပေါ်တက်လာသော ညိုအားတွေ့၍ ညည်းခုနက သောက်ရေအိုးလှယ်နေတာ ဘာလို့ရေအိုး စင်မှာ ပြန်မထားတာလဲဟု မေး၏ ။

'ရေအိုးစင်မှာ ထားလိုက်တာပဲ'

ညို့အဖြေကြောင့် ဒေါ်တင်တင်မျက်စောင်းထိုး၍ ဘယ်မလဲဟဲ့ ဒီမှာ မရှိဘူး အတောင်ပေါက်ပြီး ပျံသွားလို့လားဟု ဘိုဆတ်ဆတ်မေး၏ ။

'အင်း..ဒါ ဖြစ်နိုင်တယ် ၊သဒ္ဒါတရားက အတောင်တပ်ပေးလိုက်တာပေါ့'

မနေ့ကပင် စာမေးပွဲကြီးဖြေပြီး၍ ဘာလုပ်ရမှန်းမသိ ယောင်ရှာနေပြီဟု သမီး ဖြစ်သူအား သနား မိခဲ့သည့်ကိုပင် နောင်တရမိ၏ ။

ကြီးကျယ်သော ညို့စကားကြောင့် ဒေါ်တင်တင်ရေငတ်ရသည့်အထဲ စိတ်မရှည်တော့၊ဘယ်မလဲဟုသာထပ်မေး၏ ။ ညိုမေးထိုး၍ ညွှန်ပြလိုက်သည်။ ကုက္ကိုပင်ခန်းပန်းတွင် အခန့်သားနေရာယူသွားသည့်ရေအိုးကိုမြင်သည်နှင့်...ဟင်...ငါတို့က ဘာနဲ့ သောက်ရမလဲဟုမေး၏ ။

'လောလောဆယ် ဒန်ချိုင့်ကြီးထဲ ထည့်သောက်မယ်အမေရာ၊အဖေပြန်လာမှ အိုးတလုံးအသစ်ဝယ် ကြတာပေါ့၊ ညိုသဒ္ဒါပေါက်ပြီးလှူပြီးပြီ၊ ပြန်ယူလို့မရတော့ဖူး။

'ရာသီဥတု ပူရတဲ့ အထဲ ဒန်ချိုင့်ထဲကရေက နွေးနွေးကြီး ဖြစ်နေမှာ ပေါ့၊

ဈေးကအသစ်ဝယ်လို့လဲ မြေအိုးပဲရမှာ ဒီသဲစိမ့်အိုးမျိုးကရှားပါဘိ ငါတော့ မပြောလိုက်ချင်ဖူး၊ စိတ်ကျူပေါက်တိုင်း ကို့ယို့ကားယားထ ထလုပ်နေတာပဲ'

ညိုကြား သူမမိခင်ရေရွတ်နေသည်ကို ဂရုမပြုတော့ အသစ်စက်စက် ရေအိုးစင်တွင် ပထမဆုံးလာ မည့် အလှုခံပုဂ္ဂိုလ်၏ ကျေနပ်ပီတိဖြင့် သုံးဆောင်မည့် မျက်နှာကိုသာ ခံစားရန်စိတ်စောနေ၏ ။

XXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXX

တနေ့ခင်းလုံးမျှော်သည့်တိုင် အလှုခံပုဂ္ဂိုလ်က ပေါ်တော် မမူ။ တွေ့နေကျမဟုတ်၍ အမှတ်မဲ့ ဖြတ်ကျော်သွားကြသည်လဲ ရှိမည် ဟု နားလည်ထားသည့်တိုင် နွေအပူတွင် ရေချမ်းစင်ကို မရှာဖွေရကောင်းလား ဟု သူမ ငြိုငြင်မိသည် ။ တယောက် တလေက မြင် သွားပါလျှက် ကိုယ့်လမ်းကိုယ်ဆက်သွားသည်ကို ညိုမြင်သော် မချိတင်ကဲ ကျန်ခဲ့၏ ။

'လူတွေ က ကြီးကျယ်လို့ ငါဒီလောက်အပင်ပမ်းခံ လုပ်ပေးထားတာ စေတနာကို အသိအမှတ် ပြုရကောင်းမှန်းမသိကြဖူး ။ ဒီတနေ့လုံး တယောက် မှ မသောက်လို့ကတော့ ငါကိုယ်တိုင်ရေအိုးကို လက်ဝါးစောင်း နဲ့ ရိုက်ခွဲလိုက်မယ်...ဟယ် ဖွ..ဖွ..ယောင်လို့၊ ဒါနကုသိုလ်ဆိုတာ အကုသိုလ်စိတ် မထားရဖူးတဲ့၊ အင်း..အေးမြကြစေ..သောက်သုံးသူတွေ '

အလိုမကျခြင်းကို ချိုးနှိမ်၍ သူမ ဆုတောင်းရင်း ဗျာများ နေသည်ကို အဘမောင် ကြည့်၍ ရယ်ကာ အလှူရှင် ဒေါ်ကျွဲမဆိုတော့ လူတွေ က အခတ်ခံရမှာ ကြောက်ကြတယ် ။ နာမည် ပြောင်းပေးလိုက် ရမလားဟု မထိတထိစရင်းမေးသည် ။ သူမ ရေအေးအလွန်ကြိုက်၍ ရေချိုးလျှင် မပြီးနိုင်သော ကြောင့် အမေက စိတ်တိုတိုင်း ကျွဲမဟု ခေါ်သည်ကို အဘမောင် သံယောင်လိုက်ခြင်းအတွက် သူမ ပို၍ အလိုမကျ ဖြစ်လာသည်။

ညနေရောက်လာသော် လည်း အပူရှိန်က မလျော့သေး ၊ အဝေးမှ ဦးထုပ်ပျော့တလုံး ငိုက်ငိုက် စောင်း၍ စိုက်စိုက်လာနေသူတဦး ရေအိုးစင်မြင်ပြီး အမြန်လျှောက်လာသည်ကို ညိုတွေ့လိုက်ရ၍ ဝမ်းသာအားရ ခြံစည်းရိုးထောင့်သို့

ပြေးသွားကာ အကဲခတ်နေလိုက်၏ ။

သူမနှင့် လေးငွေးလံခန့်အကွာရှိ ရေအိုးစင်၏ ရေမှုတ်ကို ထိုသူကဆွဲကိုင်ပြီး အငမ်းမရသောက်နေ သည်ကို နောက်ကျောဖက်မှ မြင်ပြီး ညိုနှပျော်ရွှင်နေသည်။

'အား..ကောင်းပါ့ဗျား၊ အလှူရှင်ဒေါ်ကြွေမ ချမ်းသာသုခပြည့်ပါစေသတည်း'

ရေနစ် မှုတ်ဆင့်သောက်ပြီး ကျေနပ်ဝမ်းသာဖြင့် ထိုသူ စာတမ်းက ကဗျည်းကို ဖတ်ကာ ဆုတောင်း ပေး၍ ထွက်သွားသည်တွင် ညိုမှာ နှစသက် ခြင်းနှင့် အလိုမကျခြင်း နှစ်မျိုးရောလျက် ကြွေပြီးတိုကျန်ရစ်ခဲ့၏ ။

XXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXX

ညကအိပ်ရာဝင်သည့်တိုင် လူတယောက်ရွှင်ပျအားရသောက်သုံးခွင့်ရခဲ့သော သူမ၏ ဒါနအတွက် ညိုမှာ ကြည်နူးမဆုံး၊ ဘုရားရှစ်ခိုးပြီး ခေါင်းအုံးပေါ်ခေါင်းချအိပ်ပြီးသည့်တိုင် အမှူမှုဟူ၍ ပေး၍ မပြီးနိုင်သေး ။

ဒါန်အိုးထဲမှရေကို သတ္တနစော်နံသည်ဟု ညည်းတွားရှုံ့မဲ့သောက်ခဲ့ရသော ဒေါ်တင်တင်ကား သာဓုပါတော် သာဓု ပါ အလှူအမကြီးရဲ့ ဟု ခပ်ရွှဲ့ရွှဲ့ပြန်အော်နေ၏ ။ ညိုရှယ်မောလျက် နှစ် ခြိုက်စွာ အိပ်ပျော်ခဲ့သည်။

မနက်မလင်းမီပင် သူမချမ်းသာစွာ နိုးနေပြီ၊ တံမျက်စည်းကိုဆွဲ၍ မြူတွေ ဆိုင်းနေသော ခြံအပြင် ထွက်ခဲ့သည်။ ကုက္ကိုပင်ခြေတဝိုက် တဂျွမ်းဂျွမ်းမြည် အောင် သူမတံမျက်စည်းလှည်းသံကြောင့် ငှက်ကလေးတို့စော စောနိုးသွားပြီး ပကျစ်ပကျစ်နှင့် အောင်ကြသည်။ ဘာလဲဟဲ့ စောစောထကာမင်္ဂလာရှိတယ်။ ကျန်းမာရေး ကောင်း စေတယ် နင်တို့ဘာသိလဲဟု ညိုတယောက် တည်း ငှက်ကလေးတွေ ကို ပြန်၍ ရန်လုပ်နေ၏ ။

ဝေလီဝေလင်းအချိန်တွင် သံလမ်းပေါ်မှ ရထားဖြတ်မောင်းသည်ကို ကြည့်ရင်း သူမရေအိုးကို လှယ်နေရာမှ ငါတော့အတန်းတင်စာမေးပွဲပြီးလို့ ယောင်နေတာ အခုမှအလုပ်ရတယ် ဟုတွေ းကာ ကျေနပ်နေသည်။ နေမြင့်လာသည်နှင့် အမျ

ဘူတာလေးတဝိုက် ရောက်လာသူတို့ ရေငတ်ပြေသောက်ကြသည်ကိုလည်း သူမသတိပြုမိရင်း ကျေနပ်မဆုံး၊ အထူးသဖြင့် သူမတို့၏ ကြားဘူတာလေးတွင် ဆိုက်သော အနေးရထားပေါ်မှ ဆင်းလာ သည့် ခရီးသည်တွေ နေပူထဲမဖြတ်ခင် တယောက် တလဲ့ စောင့်ဆိုင်း၍ သောက်နေရသည်ကိုပင်မြင်၍ ရေမှုတ် တခုတော့ ထပ်လုပ်ဦးမှပဲဟု တွေးမိပြန်သည်။

အဘမောင်အား အုန်းပင်တက်ခိုင်းပြီး အလုံးသေးသေးရွေးခူးခိုင်းသည်။ အုန်းသီးတလုံးထဲနဲ့ ကျုပ် အပင်ရတက်ရတာ မကာမိဖူးဟု ညည်းရင်းအခွံနွှာအုန်းသီးခွဲစားကြပြီး၊ အုန်းမှုတ်ခွက်ဖြင့် ရေမှုတ်အသစ်ထပ်လုပ် ရသည်နှင့်ပင် နေစောင်းပြီ။ မနေ့ကအချိန် မနေ့ကပုဂ္ဂိုလ်ထပ်ရောက်လာပြန်၏ ။ သူမ၏ ပထမဆုံး အလှူ့ပုဂ္ဂိုလ် မို့ ညိုမှတ်မိနေပြီး ဂရုတစိုက် အနားသို့မယောင်မလည်ကပ်သွားမိသည်။

ညိုထက်ငါးနှစ် ခြောက်နှစ် ခန့်ကြီးမည် ဟုထင်ရသော ထိုသူမှာ ဦးထုပ်စုပ်နှင့် အဝတ်နွမ်းများ ကြောင့် လူကြီးတယောက် လို သာမန်ကြည့်လျှင် တွေ့ရမည် ဖြစ်သည်။ သူကားလွယ်အိတ်စုတ်တလုံးကို စလွယ်သိုင်းလျက် ရေတဝကြီးခပ်သောက်ကာ သာဓုပါ ဒေါ်ကြွဲမရယ်ဟု ခေါ်နေပြန်၏ ။

ရက်အတန်ကြာသော် တနေ့ညိုနသောက်ရေဖြည့်နေခိုက် သူရောက်လာသည်။ သောက်ရေစဉ်တွင် အမှုန့်များ ကပ်နေ၍ ၊ သူမဆေးကြောသန့်စင်နေသည်ကို သူစောင့်နေ၍ ညိုအားနာကာ ခဏလေးနော်..ဒီနေ့ အလုပ်တွေ ရှုပ်သွားလို့ ရေဖြည့်တာနောက်ကျသွားတယ်ဟု စကားစပြောမိသည်။

သူကားရပါတယ် ဖြေးဖြေးလုပ်၊ အခုမှ နေပူထဲကလာတော့ ချွေးသိပ်လိုက်ဦးမယ်ဟု ပြောကာ ညိုအားရပ်ကြည့်နေသည်။ အသားညိုစိမ့်စိမ့်နှင့် နှစ်လိုဖွယ်မျက်နှာပိုင်ရှင်ကလေး၏ ကျက်သရေမှာ သူမရင်တွင်း ကစေတနာဓါတ်ခံကြောင့် ပို၍ ဆွဲဆောင်မှုရှိလေသလားဟု သူတွေးနေ၏ ။ ကုက္ကိုရွက်များ လေအဝှေ့တွင် တဖွဲဖွဲ ကြွေလွင့်လာသည်။ အဖုံးမပါသော ရေပုံးထဲကျမည် စိုး၍ ညိုအလုပ်ရှုပ်သွားသည်ကို သူဝင်ကူရင်း ဒီမှာ ..ဒေါ်ကြွဲမ ဆိုတာ ဒီအနားမှာ နေတာလားဟု မေး၏ ။

ညိုရှယ်ချင်စိတ်ကို မြိုသိပ်ရင်း အင်းပေါ့ဟုသာဖြေလိုက်သည်။

ဘယ်အိမ်ကလဲဟု သူထပ်မေး၍ ညိုက သူမတို့အိမ်ကိုသာ ညွှန်ပြလိုက်သည်။ ခြံစည်းရိုးလေးသေ သပ်စွာ ကာထားသည့် အုပ်ကြွပ်နီမိုးအိမ်ကလေးကို သူကြည့်ရင်း

'သြော်...ဒါ...ရုံပိုင်ကြီးအိမ်ပဲ၊' ဟုရေရွတ်နေသည်။

'တော ဘူတာဆိုတော့ ရုံပိုင်ကလေးလို့ပဲ ခေါ်သင့်တယ်' ဟု ညိုကဝေဖန်သည်။

'ဘူတာကြီးကြီးသေးသေးဗျာ....ဒေါ်ကျွဲမကို အားနာတဲ့ အနေနဲ့ ရုံပိုင်ကြီးလို့ပဲခေါ်မယ်

ညိုသည် သူသောက်ရေခပ်သောက်နေစဉ် ဤသို့ပြောမိ၏ ။

'အဲဒီ ဒေါ်ကျွဲမက သူ့ကို ဒေါ်ကျွဲမလို့ခေါ်ရင် မကြိုက်ဖူ့ သိပ်စိတ်ဆိုးတယ်၊ သူ့အလှူကို သာဓု ခေါ်တာ၊ဒါနမြှော က်အောင် သုံးဆောင်တာတော့ သူကဝမ်းသာတယ်'

'ဟာ အဲဒါ .စိတ်ဆိုးတယ် မခေါ်ဘူး ၊ကျွဲမြီးတိုတယ်လို့ခေါ်တယ်။ ဒေါ်ကျွဲမဆိုတော့ ကျွဲမြီးတို တယ်ဆို ပိုသဘာဝ ကျတယ်။ ဟာ..လူကြီးကို နောက်ပြောင်မိပြီ ကန်တော့ ကန်တော့ဗျာ'

ထိုသူသည် ညိုတို့အိမ်ဘက် မလုံမလဲလှမ်းကြည့်ပြီး ထိုသို့ ပြာပြာသလဲ နောင်တရနေ၏ ။

ညိုကားရယ်လျက် ရပါတယ် ဒေါ်ကျွဲမက သဘောကောင်းပါတယ်၊ ဒါပေမယ့် ကျွဲမြီးတိုတယ်ဆို တာ သူ့မူရင်းပုံပြင်က ဘယ်လိုလဲ သိရင်ပြောပြပါဟု တောင်းဆို၏ ။ သူက အင်း...ဟုဆိုကာ အိပ်ကပ်ထဲလက် နိုက်သည်။ လက်မလုံးခန့်ရှိပြီး တထွာမပြည့်သော သစ်သားတလုံးထွက်လာ၏ ။ သူလှည့်၍ ချွတ်သော် အတွင် း မှဆေးလိပ်တတို ထပ်ထွက်လာပြန်သည်။ အတော် ကပ်စေးနဲတဲ့ လူကြီးဟု ညိုကြိတ်၍ ဝေဖန်ရင်း ပြုံးမိသည်။ သူ ကလွယ်အိတ်ထဲ လက်နိုက်စမ်းပြန်၏ ။ အတန်ကြာမှ ဓါတ်ဆီသုံး ပုလင်းမီးခြစ်ကြီး လက်ထဲပါလာသည်။ ဂျကနဲ ခြစ်ပြီး မီးညှိကာ ဒီလိုဟု စကားစသည်။

အဘမောင်သည် ရထားလက်မှတ်ရောင်းသည့် ရုံအတွင်း ငိုက်မြည်းနေရာမှ ကုက္ကိုပင်အောက် လှမ်းကြည့်မိသည်။ သောက်ရေပုံးကို လက်တဖက်ကဆွဲလျှက် တဖက်ကရေစစ်ကို လှုပ်ယမ်းလျှက် ညိုညည် သူမရှေ့မှာ ဦးထုပ်ပျော့ဆောင်းသော လူ၏ စကားဝယ်တရင်းတနှီး ရယ်ပွဲဖွဲ့နေသည်ကို မြင်ရ၏ ။

'တခါက လယ်ကူလီတယောက် က ကျွဲနှစ် ကောင်နဲ့ လယ်ထွန်နေရတယ်'

လယ်ကနွားနဲ့ မထွန်ဘူးလား၊ ဘာလို့ကျွဲနဲ့ ထွန်တာလဲ'

'ကျွဲက ပိုပြီးနွားထက်ထွန်အားကောင်းတယ်ဗျာ..နေစမ်းပါဦး၊ ကျုပ်စကားပျက်တယ်၊ အဲဒါနေ့လည် ထမင်းပို့ချိန်ကျော်တဲ့ အထိ လယ်ရှင်ထမင်းလာမပို့ဖူး၊ သူလဲဗိုက်ဆာနေပြီ။ ဘာမှ စားစရာသောက်စရာမရှိတော့ အချိန်လွန်တောင် ရောက်မလာဖူးဆိုပြီး ကျွဲအမြီးဖြတ်ပြီး မီးဖုတ်စားလိုက်တာပေါ့'

'အဲဒီ လိုစားပြီးမှ လယ်ရှင်က ထမင်းထုပ်နဲ့ ရောက်လာတယ်။ သူ့လယ်ကူလီကို မေးတယ် ဗိုက် ဆာလို့ စိတ်ဆိုးနေပြီလားတဲ့၊ ဒီတော့ လယ်ကူလီက အေးအေးဆေးဆေးပဲဖြေတယ်၊ စိတ်မဆိုးပါဖူး၊ ဒါပေမယ့် ကျွဲမြီးတော့ နည်းနည်း တိုသွားတယ်တဲ့ '

ညိုမနေနိုင်ပဲ ပွင့်လင်းစွာ ရယ်၍ ရယ်စရာကောင်းတယ်ဟု မှတ်ချက်ချသည်။

ထိုသူက ပြုံးရုံပြုံး၍ ကျုပ်တို့ဘေးက ကြည့်ရင်တော့ ရယ်ချင်စရာပဲ ကာယကံရှင် လယ်ပိုင်ရှင် တော့ ဘယ်လောက်ကျွဲမြီးတိုမလဲဆိုတာ စဉ်းစားသာကြည့်ဟု တုံ့ပြန်သည်။ သူ့စကားအဆုံး ညိုအိမ်ဝင်းထဲပြန် ရန်စိတ်ကူးပြီးမှ အိမ်ကို သိမှာ စိုး၍ ယောင်တောင်တောင်လုပ်နေရသည်။ ထိုသူကား စကားအစရလျှင် ပြီးချင်ပုံ မပေါ် အစကို ဆွဲထုတ်၍ ချည်လုံးကုန်အောင်ဆွဲချင်နေပုံဖြင့်

'ဥပမာ...ဟိုမှာ ဒေါ်ကျွဲမကြီးအိမ်ကိုပဲကြည့်၊ အဝေးပြေးကားလမ်းကို နောက်ကျောခိုင်းပြီး ဆောက်ထားရတယ်၊ သူ့အိမ်ဝင်း အိမ်သာပြီးရင် မြေကွက်ပြီးရင် ကားလမ်းပဲ၊ဒါ...ကားပေါ်က ကြည့်ရင် ဘယ်လောက်အုကြောင်ကြောင်နိုင်မလဲ၊ ဒါပေမယ့်

ဒေါ်ကျွဲမကြီးရဲ့ အိမ်ဟာ ရထားဝန်ထမ်းဆိုတော့ ရထားလမ်း ကို မျက်နှာမူထားရတာ သဘာဝ အကျဆုံး အမှန်ဆုံးပါပဲ။

ထိုသို့ဆိုပြီး ကိုင်း ကျုပ်သွားဦးမယ်ဟု ဆိုကာထွက်သွားသော သူ့ကျောပြင်အားကြည့်ရင်း၊ ငါတို့ အိမ်က ကားလမ်းဖက်ကကြည့်ရင်ရယ်စရာကောင်းသတဲ့၊ ကြီးကျယ်လို့ဟု သူမအသံတိတ်ပြောရင်း ကျန်ခဲ့သည်။

ဘာမှလုပ်စရာလည်းမရှိ ဖတ်စရာစာအုပ်လဲကင်းမဲ့ခြင်းလောက် ဒေါသဖြစ်စရာ လောလောဆည် သူစဉ်းစားမရ။ ဆရာတော် ့ မှန်ဘီရိုထဲမှ ဓမ္မကျမ်းထူကြီးများ ယူကြည့်ပြီး တပည့်တော် ဉာဏ်မမီပါဖူးဘုရားဟု သူဝန်ခံခဲ့သည်။ ဆရာတော် ကား ဒါမဆန်းပါဘူး၊ လောကုတ္တရာကို လောကီပျော်တယောက် က စူးစမ်းဖို့ ဝန်လေး နေတတ်တာသဘာဝ ပဲ။ မစင်ထဲမှာ လောက်ဟာပျော်တယ်။ ရွှေပန်းကန်ပေါ်ရေဆေးပြီး တင်ပေးရင်း သူသေမှာ ဟုမိန့်သည်။

'မှန်ပါ့ဘုရား..တပည့်တော် က လောကီမှာ ရှုပ်နေတော့ လောမကုတ်နိုင်သေးပါ'

'အေး..ကီမှာ ရှုပ်ရင်း မနေနိုင်လောက်အောင် ယားယံလာရင်တော့ ကုတ်ပေါ့'

သို့နှင့် ပင် သူကျမ်းစာအုပ်များ ကို လက်မြှော က်အရှုံးပေးပြီး အကြံသစ်ထုတ်ရသည်။ တကယ်တော့ သူ့အနေဖြင့် အပြင်ထွက်ဖို့မသင့်လှ၊ လူသူရှင်း၍ သစ်ကြီးဝါးကြီးတို့ဖြင့် အုပ်မိုးထားသော ဘုန်းကြီးကျောင်းဝင်းထဲ ရှည့်တကောင်လို လုံခြုံစွာ နေသင့်မှန်း သိပါလျက် တွင် းအောင်းရက်ကျော် ပုဇွန်လုံးတကောင်လို ပြာစ်ပြူစာစ်လုပ်နေမိသည်။

လယ်ကွက်ကို ဖြတ်ကျော်ရောက်နိုင်သော ကြားဘူတာကလေးကို သူစွဲလမ်းနေပြီ။ အထူးသဖြင့် ညနေ နေခြည်စောင်းချိန် အနောက်ကောင်းကင် ပန်းနုရင့်ရောင် သမ်းချိန် အမောဆို့လာသော မြင်းနက်တကောင် လို ဘူတာထဲဝင်လာသော

စာပို့ရထားဆိုက်ချိန် အကြော်အလှော် သွားရည်စာနှင့် စာစောင်အချို့ လက်ပွေ့ရောင်းသူ များ တရေးနိုး လုပ်ရှားချိန်ကို သူတမက်တမောကြည့်ရန် သူဖတ်ချင်သည့် စာအုပ်စာစောင်ရှာဝယ်ရန် ရောက်ခဲ့ သည်မှ အစပြု၍ ရေချမ်းစင်အလှူရှင် ဒေါ်ကျွဲမကြီးအကြောင်း ပြောပြတတ်သည့် ညိုစိမ့်စိမ့်ကလေးကိုလဲ မမြင် ရလျှင် ဟာတာတာ ဖြစ်နေတတ်၏ ။

သူမနေနိုင်သည့် အဆုံး ရောက်လာပြန်၏ ။

သည်တခါတော့ ရေအိုးစင်ဘေး ငုတ်တုတ်ထိုင်၍ ဘူတာရုံကလေး၏ ညနေခင်းကို ကမ္ဘာ့ဌာန်းရှုသလို ရှုနေမိသည်။ ဗိုက်ဆာတိုင်း ရေထသောက်လိုက် ထိုင်ကြည့်လိုက်လုပ်နေစဉ် ဒန့်သလွန်သီးများ ပွေ့ပိုက်လျက် သူနံဘေးလျှောက်လာနေသော သူမကိုမြင်၏ ။

နှစ် ဦးသားအားပါးတရ ပြုံးနှုတ်ဆက်ကြသည်။

'ဒီမှာ ...ကျုပ်ကို တခုကူညီမလား'

သူ့အမေးကို ဆန်းစစ်မနေပဲ ရပါတယ်ဟုသာဖြေ၏ ။ ညနေခင်း နေခြည်ဖျော့တွင် ဒန့်သလွန်သီး' များ ပွေ့၍ သူ့နံဘေးမှန်မှန်လျှောက်လာသော သူမမှာ သူ့မျက်စိထဲ ကြည့်ကောင်းလှသည်ဟုသာ မဖွဲ့နွဲ့စတမ်း ဝန်ခံချင်သည်။

'ဒါတွေ ဘယ်ယူသွားမလို့လဲ အလုပ်ရှိသေးလား'

ဒန့်သလွန်သီးများ မေးငေါ့ပြ၍ သူမေးသည်။ အသိတွေ အိမ်လိုက်ဝေမလို့ပါ။ ဘာလုပ်ပေးရမှာ လဲဟု ပြန်မေး၏ ။

'ဒီနားမှာ စာအုပ်ငှားဆိုင်မရှိဘူးလား'

သူ့အမေးကြောင့် ညိုစဉ်းစားစရာရလာသည်။ ထိုသူသည် ဒီအနီးအပါးရွာတရွာမှ မဟုတ်ဘူး လား၊ ဒီဝန်းကျင်အကြောင်း မသိသလိုမေးနေ၍ ဘယ်မှာ နေလို့လဲဟု သူမပြန်မေးမိသည်။ သူဖြေချင်ပုံမရ။ ကျုပ် ကတောက လာတာပါ ဟုသာ

မရေမရာပြောသည်။

'ဒါလဲ..တောပဲ ၊တောဘူတာပဲ'

'ဟုတ်ပါတယ်၊ ကျုပ်နေတဲ့ တောက ဒီထက်ပိုတောကျတဲ့ တောပေါ့'

သူမဆက်မငြင်းတော့ စာအုပ်ငှားတာ ဟိုနားက အကွေ့မှာ ရှိတယ်လေ မသိဖူးလားဟု ပြန်မေး သည် ။သြော်...ဟု သူရေရွတ်ကာ ကျုပ်မသိဖူး။ ကျုပ်ကိုလည်းမသိတော့ သူတို့ငှားပါ့မလားမသိဖူး ။အဲဒါ ကြားကဝင်ပြီးငှားပေးနိုင်မလားမသိဖူး ဟု မသိဖူး သုံးလုံးဆက်ကာ သူပြန်မေး၏ ။

'ညိုက ...အာမခံပေးရမှာ ဟုတ်လား'

သူအနာမည် ကို ထည့်ပြောလာ၍ သူသတိထားမိပြီး ဟုတ်ပါတယ်ဟု ဖြေသည်။ ညိုစဉ်းစားနေသည် ။ဘူတာတဝိုက်တွင် ရထားသံကြား၍ ဈေးသည်အချို့လှုပ်ရှားလာကြ၏ ။စာ ပို့ရထားမှာ ဟောဟဲမြည် သံဖြင့် အဝေးမှလာနေပြီ။

'ဘယ်မှာ နေလဲဆိုတာတောင် မသိရပဲ ..ညိုက..'

သူမစကားမဆက်နိုင်ပဲ ခက်နေ၍ သူကပင် ဟုတ်ပါတယ်လေ...ကျုပ်ကို ယုံပြီးစာအုပ်ဖိုးလျော် ပေးရမယ့် အ ဖြစ်ကို လန့်နေမှာ ပေါ့။ ဒါဆိုလဲ ရှိပါစေတော့လေ ..ကျုပ်မှာ ငှားပြီး ထွက်မပြေးပါဘူးဆိုတာ ပါး စပ်အနေနဲ့ ဘယ်လိုမှ သက်သေပြလို့မရပဲ'

သူစိတ်ပျက်စွာ ထရပ်သည်။ ညိုအားနာသနားစွာ ဖြင့်

'လာပါ လိုက်ခဲ့ပါ။ ဒီတခါ ငှားကြည့်မယ်လေ၊ ညိုနဲ့ တော့ ဆိုင်နဲ့ သိပါတယ်'

အေးဗျာ..စိတ်ချစမ်းပါ...ဟု သူဝမ်းပမ်းတသာ ပြော၍ ဘေးချင်းယှဉ်လျှောက်လာ၏ ။

'တကယ်ဗျာ ၊စာမဖတ်ပဲ ခနစ် ရက်လောက်နေပြီး ပြောတဲ့ စကားဟာ ဘာအရသာမှ မရှိဖူး၊ ကျုပ် စာကို ဘိန်းစားဘိန်းစွဲသလို စွဲနေတာ ...သိပ်ကျေးဇူးတင်တယ်။ ဒီမှာ ..ဒန့်သလွန်သီးမြင်လို့ ပြောရဦးမယ်။ စာရေး ဆရာတယောက် ဒန့်သလွန်သီးရောင်

းတဲ့ အ ဖြစ်ဖတ်ဖူးလား'

သူ့ထုံးစံအတိုင်း စကားချည်စဆွဲထုတ်ရသွား၍ အမှုင်မပြတ်ပြောတော့မည် ကို ညီနှားလည်လိုက် သည်။ မဖတ်ဖူးပါဘူး ပြောပြပါဦးဟုသာ ပြုံး၍ ဖြေ၏ ။

'သော်တာဆွေ ရေး ဖူးတာလေဗျာ ..ကြာလှပြီ။ သူ့ခြံထဲက ထွက်တဲ့ ဒန့်သလွန်သီးတွေ ခုလိုပဲ ပွေ့ပြီး ဈေးမှာ သွားရောင်းဖို့ အိမ်ကထွက်လာတယ်။ အဲဒါ....'

သူအိပ်ကပ်ထဲနိုက်၍ သစ်သားအခေါင်းထဲမှ ဆေးလိပ်တိုကို ထုတ်ပြန်သည်။ သူအလုပ်ရှုပ်နေခိုက် သူ့ဘေးမှ လျှောက်လာသော ညီက ဒီဦးထုပ်ပျော့အစုတ်ကြီးပဲ ဆယ့်နှစ်ရာသီ သူဆောင်းနေတာပဲ နဖှာ်ခမ်းမွှေး ထူလပျစ်ကြီးနဲ့ အဖိုးကြီးရုပ်သူဖမ်းထားရတာ အတော် ကျေနပ်နေတယ် ထင်တယ်ဟု တွေးနေမိ၏ ။

'အဲဒါ..သူအိမ်ဘေးက မိန်းမတယောက် ကတွေ့တော့ မေးပြီးဝယ်ရောဗျာ..သူကဆိုပါတော့ အဲ..တကျပ်ဖိုး လေးတောင့်ဆိုတော့ ဟိုမိန်းမက ကိုဆွေရယ် အချင်းချင်းတွေ ပဲ မရဖူး ငါးတောင့်ထားဆိုပြီး ဆစ်တယ်။ သူလဲအားနာပြီး ပေးလိုက်တယ်။ တခါ နောက်တယောက် တွေ့ပြန်တော့ အားပေးဦးမယ်ဆိုပြီး ဝယ်မယ်လုပ်၊ ဈေးမေးတော့ တကျပ်ဖိုးလေးတောင့်ကို ငါးတောင့်ရအောင် ဟိုတယောက် ကဆစ်သွားတာပဲ ။ကဲ.. ခင်ဗျားလည်း ငါးတောင့်ပဲ ယူဆိုတော့ ဒုတိယအမျိုးသမီးက ဟာ..ဘယ်ရမလဲ ကျမနဲ့ ရှင်က ဒီလောက်ရင်းနှီး တာ ခြောက်တောင့်ပေးရမယ်ဆိုပြီး အနိုင်ကျင့်ရော'

သူ့စကားကြောင့် ညီမှာ ဒန့်သလွန်သီးများ ပွေ့လာရင်း ပြုံးမိသည်။ စာပို့ရထားသူမတို့နံဘေးမှ ဖြတ်သွားသည်အထိ ခေတ္တစကားတိတ် လျှောက်လာပြီးမှ သူဆက်သည်။

'ဒါနဲ့ တတိယ တယောက် နဲ့ လမ်းထဲတွင် တွေ့ပြန်ရော ...ဝယ်မယ်ဆိုတော့ ...'သူစကားမ ဆက်ပဲ သံလမ်းကို ဖြတ်ကူးရန် ဇလီဖားတုံးများ ကို နင်းကျော်နေခိုက်

'အဲဒီ မိန်းမကြီးက သူကျတော့ မရဖူး ခုနစ် တောင့်ပေးကိုပေးရယ်လို့

အနိုင်ကျင့်ပြန်ရောမဟုတ် လား'ဟု ညိုကာပြုံးလျက် မေးသည်။

'ဟာ..မဖတ်ဖူးပဲ တယ်သလောပေါက်လွယ်ပါလား'

သူကျေနပ်စွာ ညိုမျက်နှာအား လှည့်ကြည့်သည်။ သနပ်ခါးကပိုကရို ပွတ်ထားသော ညိုပါးပြင် တွင် နေခြည်နုဖြင့် ဖွေးကာ တင့်တယ်ပါဘိ..'

'ကဲ ဒီလိုနဲ့ နောက်တယောက် တွေ့တော့ ရှစ်တောင့်ပေးရရော ဆိုပါတော့ ...ဒါနဲ့ ဒန့်သလွန် သီးတွေ ကုန်ရောလား'

'အေးလေဗျာ ..ဒီလောက်နဲ့ ဘယ်စာဖွဲ့ဦးမလဲ ၊ညကျတော့ ဇာတ်လမ်းကတစ်ကနေပြန်စတယ်' ဟု သူစကားကိုဆက်သည် ။ သဲနုနုခင်းထားသော တောလမ်းကလေးထဲ သူတို့ကွေ့ဝင်ချိုးလိုက်ကြ၏ ။

'ကဲ ...ခုနစ် တောင့်ရလိုက်တဲ့ သူက ရှစ်တောင့် မရလို့ မကျေနပ်၊ ခြောက်တောင့်နဲ့ ရလိုက်တဲ့ သူက ခုနစ်တောင့်မပေးလို့ဆိုပြီး ရန်တွေ့၊ သူ့ခမျာ ကျေနပ်တဲ့ နန်းနဲ့ ရောင် းခဲ့ပြီးပါလျက် ဝိုင်းပြီးရန်တွေ့ခံရတာ ပဲပေါ့'

ညိုအသံ တိုးတိုးရယ်နေစဉ်ပင် စာအုပ်ဆိုင်ကလေးကို အကွေ့မှာ ဘွားကနဲတွေ့လိုက်ရ၏ ။ သူပျော်ရွှင်စွာ ဤသို့ပြောသည်။

'ဟော ...စာအုပ်ဖတ်ရတော့မယ်..ကျေးဇူးတင်တယ်ဗျာ ကျုပ်မှာ အရက်သမားတွေ ပြောသ လို နေစောင်းရင် ဖေသော င်းတို့ အရည်တောင်းပြီ ဆိုတာမျိုး စာဖတ်ချင်တဲ့ ဝေဒနာထလွန်းလို့...ခုမှပြည့်တော့ တယ်။

သူခြေလှမ်းကဲ့ကြီးများ ဖြင့် ဦးဆောင်လိုက်သော သူအား အမှီလိုက်ရင်း ညိုက ...နေပါဦး စာ အုပ်ငှားတော့ အာမခံပေးရအောင် ညိုကိုနာမည် ပြောထားဦးလေဟု သတိပေး၏ ။

'အေးဗျာ...ဖေသော င်းလို့ပဲ မှတ်ထားဗျာ ဟုသာ သူပြောသည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

လှုပ်စစ်မီးကြိုးသွယ်ထားပါလျက် ညစဥ်လိုလို မှန်မီးအိမ်ထွန်းနေရသည်မှာ ကမောက်ကမနိုင်လှ သော ဖြစ်စဥ်တခုဟု ညိုနေတွ းမိသည်။ အဖိုနဲ့ အမကြိုးနှစ် ချောင်းတွဲ ပါလျက် အလင်းဓါတ်ကားမရ၊ မီတာပုံး၏ ဖြစ် တည်မှုညည် ပိုင်ရှင်အား ထိမ်းသိမ်းစောင့်ရှောက်ခတောင်းခံရန်သက်သက်သာ။

အဖေက ဓါတ်ခဲရေဒီယိုဖြင့် တဂွီးဂွီးတဂွမ်းဂွမ်းလေတိုးသံများ အကြား ပြည်ပမှ လွှင့်သော လိုင်း ကို ကြိုးစားပမ်းစားဖမ်းနေသည်။ ညိုမှာ မှန်မီးအိမ်အောက် ကြမ်းပေါ်မှော က်လျက် စာအုပ်ထဲမှ စာအချို့ကို ကူး ရေး တန်ရေး ကျော်ဖတ်တန်ဖတ်နေ၏ ။

ဖေသော င်းဟု သူ့အားခေါ်စေ၍ ဒီစာအုပ်ဖတ်ပါလား..ဟိုဟာထက်စာရင် တော် သေးတယ်၊ စသဖြင့် အကြံပေးရင်း သူစွက်ဖက်သမျှ ညိုဖတ်လေ့မရှိသည့် စာအုပ်အချို့ဖတ်ဖူးလာသည်။ သို့တိုင်အောင် သူကားကျေနပ်ဟန်မပြသေး။ ဒီဆိုင်ကလေးက မစုံလှဖူး ။ဘာမှအကျိုးမရှိတာတွေ များ နေတယ်ဟု တဗျစ်တောက် တောက် ဝေဖန်ပေါင်းများပြီ။ နေစောင်းပြီဆိုလျှင် ဖေသော င်းနှင့် သူမဆုံကြစမြဲ ၊စာအုပ်ပြန်အပ်ရင်း ညနေခင်း စကားစမြီများ ဖြင့် ပိုမိုနွေးထွေးလာသော နွေညများ ကို သူမတို့ကြုံခဲ့ကြပြီ။

'ဈေးကြီးထဲမှာ တော့ စာအုပ်ဆိုင်အကြီးကြီးရှိတယ်။ အဲဒီ မှာ ဆို စုံမှာ ပဲ'

ထိုသို့ ညိုညတင်းပေးသည်တွင် သူတအံ့တသြဖြင့် ဟုတ်လား၊ ကျုပ်မရောက်ဖူးဖူး လုပ်စမ်းပါဦး၊ ဘယ်လိုကြုံကြ မလဲ စာကောင်းတွေ သိပ်ဖတ်ချင်တယ် ဟုအငမ်းမရပြန်မေးသည်။

'ညိုနဲ့ လဲ သိတာမဟုတ်ဖူး ..စဘော်တော့ ပေးငှားရင်ရမှာ ပါ'

'အေးဗျာ ...ဈေးကြီးက ဝေးသလား'

'စက်ဘီးနဲ့ သွားရင် သိပ်မကြာပါဘူး'

'လုပ်ဗျာ ခပ်သုပ်သုပ်လုပ်...ကျုပ်စဘော်ငွေရှာပြီး သွားချင်တယ်၊ အဲ..တခါလောက်တော့ လိုက်ပို့ရင် အကောင်းသား ..ခက်တာက ကျုပ်မှာ စက်ဘီးလဲ မရှိဖူး

ဘယ်သူကငှားမလဲ'

နေရာတကာ အခက်အခဲရှိနေသော သူ့အား ညိုညနားလည်းသနား ရယ်လည်းရယ်ချင်နေသည်။ 'ညို့မှာ ရှိပါတယ်..ဒါပေမယ့်..အင်းလေ..အဆင်ပြေတဲ့ တနေ့ သွားငှားကြတာပေါ့၊ ဈေး ကြီးက မနက်ပိုင်းနဲ့ နေ့လည်ပဲဖွင့်တာနော်...'

အေးမျှာ ညိုဟာ အတော် အားကိုးရတဲ့ မိတ်ဆွေပဲဟု သူအားကိုးတကြီးပြောခဲ့သည်။ ဘာကြောင့် ရယ်မသိ ၊သူမယုံကြည်မှုဟာခုဖြင့် သူနှင့် ချိန်းဆိုကာ ဈေးကြီးသို့သွားခဲ့၏ ။ ထိုမနက်ခင်းကိုလည်း မကြာခဏ သ တိရနေမိသည်။

XXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXXX